# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

နိုဝင်ဘာလ ၂၀၂၃ ခုနှစ်

Human Right Foundation of Monland November 2023

# ခြုံငုံသုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အကျဉ်းချုပ်

## စစ်ကောင်စီက မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ အရပ်သားပြည်သူများကို ပစ်မှတ်ထား တိုက်ခိုက်စဉ်အတွင်း ကလေးသူငယ်များပါ အပြင်းအထန်ထိခိုက်ခံစားခဲ့ရသည်။

### နိုဝင်ဘာလ ၂၀၂၃

မအောင်မြင်သည့်အာဏာသိမ်းမှုကာလ ကြာမြင့်လာသည်နှင့်အမျှ စစ်ကောင်စီသည် ၎င်းတို့စတင်ခဲ့သည့်စစ်ပွဲတွင် ၎င်းတို့ကိုယ်တိုင် ရှုံးနိမ့်တော့မည်ကို ပို၍ပို၍သာ ရှင်းလင်းပြတ်သားလာသည်။ တိုင်းပြည်အာဏာကို မတရားဆုပ်ကိုင်ရန်ကြိုးပမ်းနေသည့် စစ်ကောင်စီကို ကျယ်ကျယ်ပြန့်ပြန့်ခုခံတော်လှန်နေကြပြီး စစ်တပ်ကလည်း တိုက်ပွဲပေါင်းများစွာကို ရှုံးနိမ့်နေသည်။ မြန်မာနိုင်ငံနယ်စပ်မျဉ်းတလျှောက်တွင်လည်း လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။ ၂၀၂၃ အောက်တိုဘာလ (၂၇) ရက်နေ့တွင် မြောက်ပိုင်းညီနောင်မဟာမိတ် (၃) ဖွဲ့က ရှမ်းပြည်နယ်မြောက်ပိုင်း၌ “၁၀၂၇ စစ်ဆင်ရေး” ကို စတင်လိုက်သည်။ ၎င်းနောက် စစ်ကောင်စီက အချိန်တိုအတွင်းမှာပင် တပ်စခန်းအမြောက်အမြားကို ဆုံးရှုံးလိုက်ရသည်။

“၁၀၂၇ စစ်ဆင်ရေး” သည် မြန်မာနိုင်ငံတောင်ပိုင်းကိုလည်း ရိုက်ခတ်လာသည်။ စစ်ကောင်စီက မြန်မာနိုင်ငံတောင်ပိုင်း မွန်နှင့်တနင်္သာရီဒေသများတွင် လုံခြုံရေးကို ပုံမှန်ထက်ပို၍တင်းကြပ်လာသည်။ စစ်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အရပ်ဝတ်လုံခြုံရေးအဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က မွန်ပြည်နယ် မော်လမြိုင်မြို့ မြို့ဝင်မြို့ထွက်နေရာများတွင် အရပ်သားပြည်သူများကို တင်းတင်းကြပ်ကြပ်စစ်ဆေးလျက်ရှိသည်။

“စစ်သားတွေ ရဲတွေနဲ့ အရပ်ဝတ်လုံခြုံရေးတွေက ကျွန်တော်တို့ကို ဘာကြောင့်အဲလောက်ထိစစ်ဆေးနေလဲဆိုတာ ကျွန်တော်မသိဘူး။ ကားရော ဆိုင်ကယ်ရော အကုန်ရပ်ခိုင်းတယ်။ အဲနေရာမှာဆို လမ်းတွေပိတ်နေတာ အကြာကြီးပဲ” ဟု ရေးမြို့နယ်မှ ယာဉ်မောင်းတစ်ဦးက ပြောသည်။

ယခင်က တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ဖူးသော်လည်း စစ်ကောင်စီက ဤမျှလုံခြုံရေးမတင်းကြပ်ဘူးချေ။ “၁၀၂၇ စစ်ဆင်ရေး” ကြောင့် စစ်ကောင်စီက လိုအပ်သည်ထက် ပိုမို၍ပြင်းထန်နေကြောင်း ဒေသခံများက ပြောသည်။

“အရင်ကလည်း တိုက်ပွဲတွေဖြစ်နေတာပဲ။ ဒါပေမဲ့ လုံခြုံရေးက ဒီလောက်မကြပ်ဘူး။ ကျွန်တော်ထင်တာတော့ ရှမ်းနဲ့ စစ်ကိုင်းဘက်မှာ တိုက်ပွဲတွေ ပြင်းထန်နေလို့ မွန်ပြည်နယ်မှာ အစစ်အဆေးတွေ ပိုတင်းကြပ်လာတာ” ဟု ဒေသခံတစ်ဦးက ပြောသည်။

တနင်္သာရီတိုင်း မြိတ်မြို့တွင် စစ်ကောင်စီက ညမထွက်ရအချိန်ကို လျှော့ချပေးလိုက်သော်လည်း လုံခြုံရေးကို ပိုမိုတင်းကြပ်လာသည်။ ၂၀၂၃ နိုဝင်ဘာလ (၁) ရက်နေ့တွင် စစ်ကောင်စီက မြိတ်မြို့တွင် ညမထွက်ရအချိန်ကို ည (၁၂) နာရီမှ မနက် (၃) နာရီအထိ လျှော့ချပေးခဲ့သည်။ သို့သော် မြို့တွင်းရှိ လမ်းဆုံလမ်းခွများတွင် အတားအဆီးများကို ချထားပြီး လုံခြုံရေးကို ပိုမိုတင်းကြပ်လာသည်။

“မြိတ်မြို့မရဲစခန်းက “ဘယ်ရီဂိတ်” (သံဆူးကြိုးအတားအဆီး)တွေကို ကားနဲ့သယ်လာပြီး လမ်းဆုံလမ်းခွတွေမှာ လိုက်ချနေတယ်။ လုံခြုံရေးကို ပိုတင်းကြပ်ထားတော့ သွားရေးလာရေး သတိထားနေရတယ်” ဟု မြိတ်မြို့ခံတစ်ဦးက ပြောသည်။

မြိတ်မြို့ပေါ်ရှိ ကန်ဖျား၊ ရွှေနှင်းဆီ၊ ရွှေပြည်တန်၊ မြို့သစ်မီးပွိုင့်၊ ရေပုန်းမီးပွိုင့်၊ ဂဏန်းရုပ်၊ အရှေ့သိမ်နှင့် ကရာနီလမ်းဆုံများနှင့် အဝေးပြေးကားဝင်းအသစ်လမ်းထိပ်နေရာများတွင် “ဘယ်ရီဂိတ်” များ ချထားကာ လုံခြုံရေးကို တင်းကြပ်ထားသည်။

## နိုဝင်ဘာလ ၂၀၂၃

စစ်ကောင်စီက ထိုသို့ "ဘယ်ရီဂိတ်" များကို အမြောက်အမြား ချထားသော်လည်း ရပ်တန့်စစ်ဆေးခြင်းများကိုမူ မပြုလုပ်သေးကြောင်း ဒေသခံများက မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ပြောသည်။

လက်နက်ကိုင်တိုက်ပွဲများက မြန်မာတစ်နိုင်ငံလုံးကို ကူးစက်ပျံ့နှံ့လာသည်နှင့်အမျှ မြန်မာနိုင်ငံတောင်ပိုင်းရှိ အရပ်သားပြည်သူများ၏ လုံခြုံရေးသည်လည်း ကြီးကြီးမားမား ခြိမ်းခြောက်ခံလာရသည်။ အမြဲတစေ ထွက်ပြေးတိမ်းရှောင်နေရသည့်နေရာတွင် အမျိုးသမီးနှင့် ကလေးသူငယ်များသည် ထိခိုက်မှုကို ပိုမိုခံစားရသူများ ဖြစ်သည်။ စစ်ဘေးရှောင်စခန်းများနှင့် ယာယီပုန်းခိုရာနေရာများကိုပါ တိုက်လေယာဉ်ဖြင့်ဗုံးကြဲနေသည့် စစ်ကောင်စီကြောင့် ၎င်းတို့၏အသက်လုံခြုံရေးမှာ အာမခံချက် မရှိတော့ချေ။ မိသားစုများက ဆိုးရွားပြင်းထန်သည့်အခြေအနေများကို ရင်ဆိုင်ကျော်လွှားနေရသဖြင့် ၎င်းတို့သည် မသေချာ,မရေရာမှုများနှင့်အတူ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများကိုပါ ခံစားလာရသည်။

ယခုနိုဝင်ဘာလတွင်လည်း အရပ်သားပြည်သူများထိခိုက်သေဆုံးမှု အရေအတွက်သည် ဆက်လက်မြင့်တက်နေဆဲဖြစ်ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက တင်ပြလာသည်။ အဆိုးရွားဆုံး အခြေအနေတစ်ခုမှာ စစ်ကောင်စီတပ်၏အကြမ်းဖက်စစ်ပွဲများတွင် ကလေးသူငယ်များက အဓိက,ထိခိုက်ခံစားရသူများ ဖြစ်နေခြင်းပင်ဖြစ်သည်။ မအောင်မြင်သည့် အာဏာသိမ်းမှုနောက်ပိုင်း စစ်ကောင်စီက ကလေးသူငယ် အနည်းဆုံးအယောက် (၄၀၀) ခန့်ကို သတ်ဖြတ်ခဲ့သည်။

မွန်၊ ကရင်နှင့် တနင်္သာရီဒေသများရှိ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းနယ်မြေများတွင် ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများသည် အကြမ်းဖက်မှုကို ရင်ဆိုင်ခံစားနေရပြီး အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူများတွင် ၎င်းတို့လည်း ပါဝင်နေသည်။ တနင်္သာရီတိုင်းတွင် (၈) တန်း ကျောင်းသားတစ်ဦးသည် လက်နက်ကြီးထိမှန်သဖြင့် မြိတ်ခရိုင်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် နိုဝင်ဘာလ (၁) ရက်နေ့တွင် သေဆုံးခဲ့သည်။ အောက်တိုဘာလ (၁၄) ရက်နေ့တွင် လက်နက်ကြီးထိမှန်ခဲ့ခြင်းဖြစ်ပြီး တိုက်ပွဲတစ်စုံတရာဖြစ်ပွားခြင်းမရှိဘဲ တနင်္သာရီမြို့ လေသာတောင်တွင်တပ်စွဲထားသည့် စစ်ကောင်စီတပ်က လက်နက်ကြီးအမြောက်အမြား ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

လက်နက်ကြီးကျည်တစ်ခုသည် တမုတ်ချုံးကျေးရွာသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အသက် (၁၆) နှစ်အရွယ် (၈) တန်းကျောင်းသား မောင်ပြည့်ဒေးဝန်နှင့် မိသားစုဝင်အမျိုးသားတစ်ဦးတို့ ကျည်ထိမှန်ဒဏ်ရာရခဲ့သည်။ "သူက ကျောင်းမှာရှိနေတာ။ လက်နက်ကြီးထိတဲ့အချိန်က နေ့လည်လောက်ဖြစ်မယ်။ နေ့လည်စာ,စားနေတုန်း ဖြစ်သွားတာ" ဟု တမုတ်ချုံးကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။ မောင်ပြည့်ဒေးဝန်သည် ဝမ်းဗိုက်နှင့် လက်မောင်းတွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး မိသားစုဝင်အမျိုးသားမှာ ပါးစောင်းတွင် ဒဏ်ရာရရှိခဲ့သည်။

အောက်တိုဘာလ (၁၆) ရက်နေ့တွင် တနင်္သာရီမြို့နယ် မော်တုံးအခြေစိုက် အမှတ် (၃၀၆) ခြေမြန်တပ်ရင်းက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် တပ်ရင်းအနီးနေထိုင်သူ အသက် (၂၀) အရွယ် ကိုလာဖီဒင်သည် လက်နက်ကြီးထိမှန်ကာ ပွဲချင်းပြီးသေဆုံးခဲ့သည်။

နိုဝင်ဘာလ (၄) ရက်နေ့တွင် ကော့ကရိတ်မြို့ အမှတ် (၁) ရပ်ကွက်မှ အသက် (၃) နှစ်အရွယ် ကလေးငယ်အပါအဝင် မိသားစုဝင် (၅) ဦးသည် လက်နက်ကြီးထိမှန် ဒဏ်ရာရခဲ့သည်။

ကော့ကရိတ်မြို့တွင် လူဦးရေ (၄၀,၀၀၀) ကျော် နေထိုင်နေပြီး စစ်ကောင်စီက လက်နက်ကြီးပစ်ခတ်မှုအပြင် လေကြောင်းတိုက်ခိုက်မှုပါ ပြုလုပ်နေသည့်အတွက် လူဦးရေ၏ (၅၀) ရာခိုင်နှုန်းမှာ ဘားအံမြို့နှင့် လုံခြုံသည့် အခြားနေရာများသို့ ပြောင်းရွှေ့သွားကြပြီ ဖြစ်သည်။

နိုဝင်ဘာလ (၁၀) ရက်နေ့တွင် စတင်ခဲ့သည့် ကျိုက်မရောမြို့နယ်အတွင်းရှိ တိုက်ပွဲများတွင်လည်း စစ်ကောင်စီက လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုကို ပြုလုပ်ခဲ့ပြန်သည်။ (၇) ရက်တာကာလအတွင်း နေအိမ်အနည်းဆုံး အလုံး (၃၀) ခန့် ထိခိုက်ပျက်စီးခဲ့သည်။

## နိုဝင်ဘာလ ၂၀၂၃

တောင်ကလေးကျေးရွာတိုက်ပွဲကြောင့်ဒေသခံပြည်သူ အယောက် (၅,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ နိုဝင်ဘာလ (၁၂) ရက်နေ့တိုက်ပွဲတွင် စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် ပေါလောကုန်းကျေးရွာမှ အသက် (၇) နှစ်အရွယ် မနှင်းသက်ဝေ နှင့် အသက် (၈) နှစ်အရွယ် မစံရတီဦးတို့ သေဆုံးခဲ့ရသည်။ နိုဝင်ဘာလ (၁၆) ရက်နေ့ညတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များကစစ်ကောင်စီထိန်းချုပ်ထားသည့် ချောင်းနှစ်ခွတံတားကို မိုင်းခွဲဖျက်စီးခဲ့သည်။

နိုဝင်ဘာလ (၁၆) ရက်နေ့ ညနေတွင် တိုက်ပွဲများ ဖြစ်ပွားကာ စစ်ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မီးသွေးကုန်းကျေးရွာမှ နောက်ထပ် ကလေးငယ် (၂) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ မော်လမြိုင်အခြေစိုက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကို တော်လှန်ရေးအင်အားစုများကို ဒရုန်းဖြင့် ဗုံးချတိုက်ခိုက်ခဲ့ရာ မုဒုံအခြေစိုက် အမြောက်တပ်ရင်းက တိုက်ပွဲများဖြစ်ပွားနေသည့် ချောင်းနှစ်ခွဒေသကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ ကလေးငယ် (၂) ဦးသည် အဆိုပါပစ်ခတ်မှုကို ထိမှန်ခဲ့ခြင်းဖြစ်သည်။ စစ်ကောင်စီက ပေါလောကုန်းကျေးရွာကို လေကြောင်းမှဗုံးကြဲတိုက်ခိုက်ကာ အသက် (၇) နှစ်အရွယ် မနှင်းသက်ဝေနှင့် အသက် (၈) နှစ်အရွယ် မစံရတီဦးတို့ကို သတ်ဖြတ်ခဲ့သည်။ နေအိမ် (၄) လုံးလည်း ပျက်စီးခဲ့သည်။

“ကျွန်တော်တို့ရွာအခြေအနေကတော့ လုံးဝမကောင်းဘူး။ တစ်ရွာလုံး လုံခြုံတဲ့နေရာကို ပြောင်းနေရတယ်။ တောင်ကလေးက အမျိုးတွေဆီကို သွားစုနေ,နေရတယ်။ အရှေ့ဘက်မှာလည်း စစ်စခန်းတွေ ရှိနေတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

ချောင်းနှစ်ခွတိုက်ပွဲကြောင့် စစ်ကောင်စီက လမ်းများကို ပိတ်ပင်လိုက်သည်။ မယ်တရို၊ တောင်ကလေး၊ ကနာလိုနှင့် ကြံတောကျေးရွာများအပါအဝင် ကျေးရွာ (၁၀) ရွာမှ ဒေသခံပြည်သူများ ကျေးရွာအတွင်းပိတ်မိနေသည်။

နိုဝင်ဘာ (၁၀) ရက်နေ့ နံနက်ပိုင်းတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက ချောင်းနှစ်ခွရဲစခန်းနှင့် ချောင်းနှစ်ခွတံတား စစ်ဆေးရေးဂိတ်ကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

ချောင်းနှစ်ခွရဲစခန်းနှင့် တံတားကို တော်လှန်ရေးအင်အားစုများက ထိန်းချုပ်လိုက်နိုင်သဖြင့် စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုပြုလုပ်လာမည်ကို အနီးအနားကျေးရွာများက စိုးရိမ်ပူပန်နေသည်။ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများက အလျင်အမြန် မရွှေ့ပြောင်းနိုင်ကြချေ။ နိုဝင်ဘာလ (၁၂) ရက်နေ့ နေ့လည်ခန့်တွင် ကျိုက်မရောမြို့နယ် ပေါလောကုန်းကျေးရွာမှ အသက် (၇) နှစ်နှင့် (၈) နှစ်အရွယ် ကလေးငယ် (၂) ဦးသည် လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရသည်။

နိုဝင်ဘာလ (၁၃) ရက်နေ့တွင် စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ မုဒုံအခြေစိုက် စစ်ကောင်စီအမြောက်တပ်ရင်းကလည်း လက်နက်ကြီးများ အဆက်မပြတ်ပစ်ခတ်နေဆဲ ဖြစ်သည်။ စစ်တပ်က လမ်းများအားလုံးကို ပိတ်ပင်လိုက်ပြီး ပြည်သူများ စစ်ဘေးမရှောင်နိုင်ရန် တားမြစ်နေသည်။ လက်နက်ကြီး ပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုတို့ကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရနေပြီး နေအိမ်များလည်း ပျက်စီးဆုံးရှုံးနေသည်။

ဘဝတစ်လျှောက်လုံး ပြည်တွင်းစစ်တွင် ဆယ်စုနှစ်များစွာ နေထိုင်လာရသည့် သက်ကြီးရွယ်အိုများမှာလည်း အသက်အန္တရာယ်ထိခိုက်နိုင်သည့်အကြမ်းဖက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ ပြည်သူလူထုကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှုများမှာ လျော့နည်းသွားသည့်အရိပ်အယောင် မမြင်ရချေ။ တိုက်ပွဲတွင် ရှုံးနိမ့်နေသည့်စစ်ကောင်စီက စစ်အင်အားများ ဖြည့်တင်းလာသည်။ ပြည်သူများမှာ အသက်နှင့်ရင်းပြီး နေထိုင်နေရသည်။ စစ်ကောင်စီတပ်က လောင်းလုံးမြို့နယ်တွင် စစ်ကြောင်းထိုးနေပြီး ရွာသားအချို့ကို ပစ်သတ်နေသည်။

## နိုဝင်ဘာလ ၂၀၂၃

ဒေသခံပြည်သူများနှင့် လူမှုကူညီရေးအသင်းမှတာဝန်ရှိသူများ၏ပြောကြားချက်အရ စစ်ကောင်စီ၏လက်နက်ကြီးကြောင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အမှတ် (၂) ရပ်ကွက်မှ ဒေသခံပြည်သူ (၂) ဦး သေဆုံးပြီး (၁) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ နိုဝင်ဘာလ (၂၀) ရက်နေ့ ည (၁၀) နာရီတွင် ကော့ကရိတ်အခြေစိုက် အမှတ် (၉၂) ခြေမြန်တပ်ရင်းက လက်နက်ကြီးအနည်းဆုံး (၄) လုံး ပစ်ခတ်ခဲ့ပြီး လက်နက်ကြီးကျည်များသည် "မြို့တော်ဦး" ဘုန်းတော်ကြီးကျောင်းအနီးဝန်းကျင်ရှိ နေအိမ်များပေါ် ကျရောက်ပေါက်ကွဲခဲ့သည်။ ပေါက်ကွဲမှုကြောင့် အသက် (၇၀) အရွယ် အဘိုးဖြစ်သူ ဦးထွန်းရင်နှင့် အသက် (၁၅) နှစ်အရွယ် မြေးဖြစ်သူ မောင်ဖြိုးမင်းခန့်တို့ ပွဲချင်းပြီး သေဆုံးခဲ့သည်။ သားဖြစ်သူ ကိုခန့်မိုးဦးမှာ ညာဘက်ပေါင်တွင် ဒဏ်ရာရရှိခဲ့သည်။

"တိုက်ပွဲမရှိဘဲ လက်နက်ကြီးကျလာတာ။ အဘိုးက အိပ်နေတာ။ မြေးက ဖုန်းဆော့နေတာ။ အဲအချိန်မှာ လက်နက်ကြီးမှန်ပြီး သေသွားတာ" ဟု ကော့ကရိတ်ဒေသခံတစ်ဦးက ပြောသည်။ အသက်မသေဘဲ ကျန်ရစ်သူ ကိုခန့်မိုးဦးကို ကော့ကရိတ်ခရိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပြီး ဆေးကုသမှုပေးလျက်ရှိသည်။

ကော့ကရိတ်အခြေစိုက် အမှတ် (၉၇) ခြေမြန်တပ်ရင်းသည် ၎င်းတို့၏တပ်စခန်းကို တော်လှန်ရေးတပ်ဖွဲ့ဝင်များ လာရောက်တိုက်ခိုက်မည်ကို စိုးရိမ်ကြောက်လန့်နေသဖြင့် လက်နက်ကြီးများကို ညတိုင်းနီးပါး ရမ်းသမ်းပစ်ခတ်ခြောက်လှန့်နေသည်။

စစ်ကောင်စီက သက်ကြီးရွယ်အိုများကိုပါ ပစ်မှတ်ထားတိုက်ခိုက်နေသည်။ စစ်ကောင်စီက ပစ်ခတ်လိုက်သည့် လက်နက်ကြီးကြောင့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အင်ဂဘိုကျေးရွာမှ အသက် (၈၀) အရွယ် အဘွားအိုတစ်ဦး သေဆုံးခဲ့ရသည်။

နိုဝင်ဘာလ (၂၄) ရက်နေ့ ည (၉) နာရီတွင် အင်ဂဘိုကျေးရွာအပြင်ဘက်တွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်က လက်နက်ကြီး (၄) လုံး အနည်းဆုံးပစ်ခတ်ခဲ့သည်။ လက်နက်ကြီးကျည်များသည် ရွာအရှေ့ဘက်ရှိ ဆီအုန်းခြံလုပ်သားတစ်ဦးဖြစ်သူ ဦးဖြိုး၏နေအိမ်အနီးသို့ ကျရောက်ပေါက်ကွဲခဲ့သည်။ အဘွားအိုသည် အောက်မေးရိုးတစ်ခုလုံး ကြေမွသွားပြီး လည်ပင်းတွင် ကျည်ဖောက်ဝင်ဒဏ်ရာ ရရှိခဲ့သည်။ အဘွားအိုသည် နောက်တစ်နေ့တွင် ကျိုက်ထိုပြည်သူ့ဆေးရုံတွင် အသက်ဆုံးသွားခဲ့သည်။

"အဘွားက သားဖြစ်သူနဲ့ အတူနေ,နေတာ။ အိပ်နေတုန်း လက်နက်ကြီးမှန်သွားတယ်။ နောက်တစ်နေ့မနက်မှ ဆေးရုံပို့ရတယ်။ ညမထွက်ရအမိန့် ရှိနေတော့ ဘယ်သူမှ ဆေးရုံချက်ချင်းမပို့ရဲဘူး။ ဒဏ်ရာက အခြေအနေတော်တော်ဆိုးတယ်။ ဆေးရုံရောက်ပြီး သိပ်မကြာဘူး ဆုံးသွားတယ်" ဟု အင်ဂဘိုဒေသခံတစ်ဦးက ပြောသည်။

မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း ကျိုက်ထိုဒေသခံများသည် အိုးအိမ်စွန့်ခွာထွက်ပြေးနေရသည်။ စစ်တပ်၏တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများနှင့် သေဆုံးမှုများကို မကြာခဏကြုံတွေ့နေရသည်။

ပြည်သူများအပေါ် အကြမ်းဖက်မှုများ မြင့်တက်နေချိန်တွင် လူ့အခွင့်အရေးအဖွဲ့အစည်းများစွာပါဝင်သည့် "(၁၆) ရက်တာ လိင်အခြေပြုအကြမ်းဖက်မှု အဆုံးသတ်ရေး" လှုပ်ရှားမှုသည် နိုဝင်ဘာလ (၂၅) ရက်နေ့တွင် စတင်ခဲ့သည်။

မသေချာမှုများနှင့် အခက်အခဲစိန်ခေါ်မှုများ ပြည့်နှက်နေချိန်တွင်ပင် လိင်အခြေပြုအကြမ်းဖက်မှုပပျောက်ရေးအပေါ် စိတ်အားထက်သန်နေဆဲဖြစ်သည်။ ပညာပေးလှုံ့ဆော်မှုများ ဆက်လက်လုပ်ဆောင်နေဆဲ ဖြစ်သည်။

သာဓကအားဖြင့် ကရင်အမျိုးသမီးအစည်းအရုံးက "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမရှိသည့် လူ့အသိုင်းအဝိုင်းကို ထူထောင်စို့" ဟူသော သူတို့၏ဆောင်ပုဒ်ကို မျှဝေခဲ့ပြီး လှုပ်ရှားမှုပြုလုပ်ခဲ့ကြသည်။

## နိုဝင်ဘာလ ၂၀၂၃

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းနယ်မြေအတွင်းရှိ လူနေကျေးရွာများတွင် စစ်သားများက ဝင်ရောက်နေထိုင်မှုများ ပြုလုပ်လာသဖြင့် အမျိုးသမီးများသည် ပဋိပက္ခကာလအတွင်း လိင်အကြမ်းဖက်ခံရမှုအန္တရာယ်ကို ကြုံတွေ့လာရသည်။

လိင်အကြမ်းဖက်မှုကို စစ်ကောင်စီတပ်က လက်နက်တစ်ခုအဖြစ် အသုံးပြုလာသည်မှာ ကြာမြင့်လှပြီဖြစ်သည်။ မြန်မာနိုင်ငံအမျိုးသမီးသမဂ္ဂ (Women's League of Burma (WLB)) က စစ်ကောင်စီအနေဖြင့် လိင်အကြမ်းဖက်မှုကို လက်နက်တစ်ခုသဖွယ် ဆက်လက်ကျင့်သုံးနေဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။ အမျိုးသမီးများကို အားနည်းသူများဟုဆိုကာ အကြမ်းဖက်ကြသည်။ သို့သော် ပကတိအခြေအနေတွင်မူ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူအမျိုးသမီးများက အပြောင်းအလဲအတွက် ဦးဆောင်လှုပ်ရှားနေပြီး ၎င်းတို့၏လူမှုအသိုင်းအဝိုင်းက ၎င်းတို့ကို အားကိုးမှီခိုနေသည်။ "အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကဏ္ဍများနှင့်ပတ်သက်ပြီး ပွင့်လင်းလွတ်လပ်သော ဆွေးနွေးငြင်းခုံပွဲ" မစတင်မီအချိန်တွင် ကျိုးကြောင်းဆီလျော်သောအမျိုးသမီးများပါဝင်မှုကို ထောက်ခံအားပေးရန် ကမ္ဘာ့ကုလသမဂ္ဂ၏ အမြဲတမ်းကိုယ်စားလှယ်များကို မြန်မာနိုင်ငံအမျိုးသမီးသမဂ္ဂက အောက်တိုဘာလ (၁၇) ရက်နေ့တွင် တိုက်တွန်းတောင်းဆိုခဲ့သည်။

ဦးဆုံးအကူအညီပေးသူများသည် အောက်ခြေရှိ လူထုအခြေပြုအဖွဲ့အစည်းများဖြစ်ပြီး စစ်ဘေးရှောင်ပြည်သူများနှင့် ထိခိုက်လွယ်သည့်အသိုင်းအဝိုင်းများအတွက် အရေးပေါ်အကူအညီများကို မြေပြင်တွင် ဆက်လက်ပေးအပ်နေဆဲဖြစ်သည်။

**"Progressive Voice"** အဖွဲ့အစည်း၏ အပတ်စဉ်ဆွေးနွေးသုံးသပ်ချက်တွင် ဖော်ပြထားသည့်အတိုင်း နိုင်ငံတကာအသိုင်းအဝိုင်းသည် ပကတိမြေပြင်တွင်အကူအညီပေးနေသည့် အောက်ခြေလူထုအခြေပြုအဖွဲ့အစည်းများမှတဆင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ပေးအပ်ရမည်ဖြစ်သည်။ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) များနှင့် ကမ္ဘာ့ကုလသမဂ္ဂနှင့်ဆက်စပ်သည့်အဖွဲ့အစည်းများတွင် မရှိသည့် အကူအညီပေးရေးလမ်းကြောင်းများနှင့် အရင်းအမြစ်များသည် အောက်ခြေလူထုအခြေပြုအဖွဲ့အစည်းများတွင် ရှိနှင့်နေပြီးဖြစ်သည်။

ပကတိမြေပြင်အခြေအနေတွင် စိန်ခေါ်မှုများသည် အဆုံးမရှိများပြားနေဆဲဖြစ်သည်။ ပြီးခဲ့သည့် (၃) ပတ်တာကာလအတွင်း စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့သည် ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွဒေသတွင် စစ်ရေးတင်းမာလျက်ရှိသည်။ ထောင်ချီသောဒေသခံပြည်သူများ အိုးအိမ်စွန့်ခွာထွက်ပြေးရသည်။ လက်ရှိအချိန်တွင် တိုက်ပွဲများ ပြန်လည်ငြိမ်သက်သွားသော်လည်း စစ်ကောင်စီက ဖုန်းလိုင်းများနှင့် အင်တာနက်လိုင်းများကို ဖြတ်တောက်ထားဆဲ ဖြစ်သည်။

ကျိုက်မရောမြို့နယ်မှ အနည်းဆုံး ကျေးရွာ (၃၀) ခန့်သည် အင်တာနက်နှင့် ဖုန်းလိုင်းများ ဖြတ်တောက်ခံထားရသည်။ ဆက်သွယ်ရေးလိုင်းများကို စစ်ကောင်စီက နှောင့်ယှက်ဟန့်တားထားသဖြင့် ဒေသခံပြည်သူများက စိုးရိမ်ပူပန်နေသည်။

အချင်းချင်းဆက်သွယ်၍ မရခြင်း၊ တစ်ဦး၏ လုံခြုံရေးအခြေအနေကို တစ်ခြားတစ်ဦးထံသို့ အသိပေး၍ မရနိုင်ခြင်းတို့ကြောင့် ဒေသခံပြည်သူများအကြား စိုးရိမ်မှုများ မြင့်တက်လာသည်။

စစ်ကောင်စီက လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုတို့ကို လုပ်ဆောင်နေသဖြင့် ဒေသခံပြည်သူများထွက်ပြေးနေရသည်။ တိုက်ပွဲများ ပိုမိုဖြစ်ပွားလာပြီး စစ်ရေးတင်းမာမှုလည်း မြင့်တက်လာသည်။ စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုများကြောင့် ကျေးရွာအများအပြား ထိခိုက်ပျက်စီးခဲ့ရသည်။

တိုက်ပွဲများကြောင့် မွန်၊ ကရင်နှင့် မွတ်စလင်အသိုင်းအဝိုင်းမှ မိသားစုပေါင်း အနည်းဆုံး (၃,၀၀၀) သည် အနီးအနားကျေးရွာများတွင် ခိုလှုံစရာနေရာ ရှာဖွေနေရသည်။

## နိုဝင်ဘာလ ၂၀၂၃

**"Comparitech"** အဖွဲ့၏ထုတ်ပြန်ချက်အရ အင်တာနက်ပိတ်ပင်မှုတွင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် စတုတ္ထမြောက်အဆိုးရွားဆုံးနိုင်ငံ ဖြစ်ပြီး **"VPN"** အသုံးပြုမှုပိတ်ပင်သည့် အာရှ (၆) နိုင်ငံတွင်လည်း တစ်နိုင်ငံအပါအဝင် ဖြစ်သည်။

သတင်းဖြတ်တောက်ခြင်းသည် စစ်ကောင်စီကကျင့်သုံးနေသည့် **"ဖြတ်လေးဖြတ်ပေါ်လစီ"** တွင် တစ်ခုအပါအဝင်ဖြစ်သည်။ **"ဖြတ်လေးဖြတ်"** တွင် အစားအစာဖြတ်တောက်ခြင်း၊ အင်အားဖြတ်တောက်ခြင်း၊ ဆေးဝါးအကူအညီ ဖြတ်တောက်ခြင်းနှင့် သတင်းအချက်အလက်ဖြတ်တောက်ခြင်းတို့ ပါဝင်သည်။


**"ဖြတ်လေးဖြတ်ပေါ်လစီ"**ကို ၁၉၆၀ ခုနှစ်များတွင် ကရင်ပြည်သူလူထုအပေါ် စတင်ကျင့်သုံးခဲ့ပြီး ရခိုင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ်၌ ကျင့်သုံးခဲ့သည်။ လုံခြုံသောခိုလှုံစရာနေရာ ရှာဖွေရန် သတင်းအချက်အလက် မရရှိနိုင်ခြင်းကြောင့် စစ်ဘေးရှောင်ပြည်သူများသည် ၎င်းတို့၏ လုံခြုံရေး၊ အစားအစာ၊ ခိုလှုံစရာနှင့် ဆေးဝါးအကူအညီအတွက် အောက်ခြေလူထုအခြေပြုအဖွဲ့အစည်းများကိုသာ မှီခိုအားထားနေရသည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင် မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၃ နိုဝင်ဘာလအကုန်တွင် မတရားဖမ်းဆီးခံရမှု (၇၂) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၅၈) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၆၂) မှု နှင့် မတရားသတ်ဖြတ်ခံရမှု (၂၂) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း မတရားဖမ်းဆီးခံရမှု ၊ သတ်ဖြတ်ခံရမှု နှင့် ဒဏ်ရာရရှိခဲ့မှု အခြေအနေများ

**နိုဝင်ဘာလ ၂၀၂၃**




**8+**

စစ်ကောင်စီ၏ ပစ်မှတ်ထားခြင်းခံရသည့် ဒီမိုကရေစီအရေး
တက်ကြွလှုပ်ရှားသူဦးရေ

# 7

## ၂၀၂၃ နိုဝင်ဘာလတွင် ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုအရေအတွက်

| 4 | 2 | 1 |
|---|---|---|
| တနင်္သာရီတိုင်းဒေသကြီး | မွန်ပြည်နယ် | ကရင်ပြည်နယ် |

# ၇၀,၀၀၀ +

## စီမံကိန်းဧရိယာအတွင်းရှိ စစ်ဘေးရှောင်ပြည်သူဦးရေ

**ပစ်မှတ်ထားဖိနှိပ်ချိုးဖောက်ခံကြရသည့် ဒေသခံပြည်သူများစာရင်း (မွန်၊ ကရင် နှင့် တနင်္သာရီတိုင်းဒေသကြီး)**

| 3+ | 2+ | 7+ |
|---|---|---|
| စစ်အာဏာရှင်စနစ်အောက်တွင် အမှုမထမ်းခြင်း (CDM) လှုပ်ရှားမှုတွင် ပါဝင်ခြင်းကြောင့် အလုပ်မှ ထုတ်ပယ်ခံရသူဦးရေ | စစ်ကောင်စီတရားရုံးက ထောင်ဒဏ်ချမှတ်လိုက်သည့် ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူများဦးရေ | စစ်ကောင်စီတပ်က အစအန ဖျောက်လိုက်သည့် ပြည်သူများ ဦးရေ |

# 45+

**ထားဝယ်ဒေသမှ ဖမ်းဆီးခံရပြီး လူသားဒိုင်းအဖြစ် အသုံးပြုခံရသည့် ရွာသားများဦးရေ**

# 120+

**ထိခိုက်ပျက်စီးခဲ့သော လူနေအိမ်အရေအတွက်**



**60+**

**မတရားဖမ်းဆီးသိမ်းယူခဲ့သော မော်တော်ဆိုင်ကယ်အရေအတွက်**

**5+**

**စစ်ကောင်စီတပ်ကသိမ်းဆည်းခဲ့သည့် မော်တော်ယာဉ်အရေအတွက်**

**5+**

**မွန်ပြည်နယ်တွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် CDM ဝန်ထမ်းများနှင့် တက်ကြွလှုပ်ရှားသူများ**



မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ဖြစ်ပွားနေသည့် လေကြောင်းတိုက်ခိုက်မှုသည် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်နှင့် လုံခြုံရေးကို ဆက်လက်ခြိမ်းခြောက်နေဆဲဖြစ်သည်။



စစ်ကောင်စီက မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းနယ်မြေများတွင် ဖုန်းနှင့် အင်တာနက်ဆက်သွယ်ရေးလိုင်းများကို (၄၈) ကြိမ်နှင့်အထက် ဖြတ်တောက်ခဲ့သည်။

## ကရင်ပြည်နယ်

- IDP 32,000 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 21 ဦးခန့်
- သေဆုံးသူ 7 ဦးခန့်

**မွန်ပြည်နယ်**

**တနင်္သာရီ တိုင်းဒေသကြီး**

စစ်စခန်းများကို လက်လွှတ်ဆုံးရှုံးလိုက်ရသည့် စစ်ကောင်စီက တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်လာသဖြင့် ကရင်ပြည်နယ်တွင် စစ်ရှောင်ပြည်သူဦးရေ သိသိသာသာမြင့်တက်လာသည်ကို တွေ့ရသည်။မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း အနည်းဆုံးလူဦးရေ (၇၀,၀,၀၀၀) ခန့်သည် အိုးအိမ်စွန့်ခွာထွက်ပြေးနေရကြောင်း ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်က ခန့်မှန်းထားသည်။ အဆိုပါအရေအတွက်မှ လူဦးရေ (၅၀၀,၀၀၀) ကျော်သည် ၂၀၂၁ ခုနှစ်ကတည်းက ကရင်အမျိုးသားအစည်းအရုံးထိန်းချုပ်ရာဒေသများသို့ ထွက်ပြေးတိမ်းရှောင်လာရသူများ ဖြစ်သည်။

နိုဝင်ဘာလ (၂) ရက်နေ့တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ် (၂) ရပ်ကွက်မှ အသက် (၈၅) နှစ်အရွယ် အဘွားအိုတစ်ဦးအပါအဝင် အမျိုးသမီး (၂) ဦးသည် လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံလူမှုကယ်ဆယ်ရေးအဖွဲ့အစည်းများက ပြောသည်။ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ပူးပေါင်းတပ်ဖွဲ့များနှင့် စစ်ကောင်စီတပ်တို့အကြား တိုက်ပွဲဖြစ်ပွားပြီးနောက် ကော့ကရိတ်အခြေစိုက် အမှတ် (၉၇) ခြေမြန်တပ်ရင်းက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။ နှစ်ဖက်တိုက်ပွဲတွင် လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် ကော့ကရိတ်မြို့ အမှတ် (၂) ရပ်ကွက်မှ အသက် (၈၅) နှစ်အရွယ် အဘွားဒေါ်နွေသန်းနှင့် သမီးဖြစ်သူ အသက် (၄၀) အရွယ် ဒေါ်အေးရီတို့ ဒဏ်ရာရရှိခဲ့သည်။ (၂) ဦးစလုံးကို ကော့ကရိတ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

တိုက်ပွဲကြောင့် ဒေသခံပြည်သူများမှာ နေအိမ်အတွင်းတွင် ပုန်းခိုနေရပြီး တိုက်ပွဲပြန်လည်မငြိမ်သက်မီ နောက်တစ်နေ့အထိ မည်သည့်နေရာသို့မျှ မသွားရဲကြချေ။ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ပူးပေါင်းတပ်ဖွဲ့တို့က ကော့ကရိတ်အခြေစိုက်စစ်စခန်းကို တိုက်ခိုက်နေသဖြင့် တိုက်ပွဲများပြင်းထန်စွာ ဆက်လက်ဖြစ်ပွားလာမည်ကို ဒေသခံပြည်သူများ စိုးရိမ်နေကြသည်။

ပြီးခဲ့သည့်အောက်တိုဘာလ (၁၃) ရက်နေ့တွင် ကော့ကရိတ်မြို့ အမှတ် (၂) ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းရှေ့၌ လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် ကျောင်းသူ (၁) ဦး သေဆုံးပြီး (၃) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

နိုဝင်ဘာလ (၁၀) ရက်နေ့တွင် စစ်ကောင်စီတပ်က သထုံမြို့နယ် ပိန္နဲတောနှင့် သုံးအိမ်စုကျေးရွာများကို လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အရပ်သား (၂) ဦး သေဆုံးပြီး (၃) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပြန်ခဲ့သည်။ လက်နက်ကြီးကျည်များသည် နေ့ခင်းအချိန်တွင် ကျရောက်ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

ပိန္နဲတောကျေးရွာမှ အသက် (၇၃) နှစ်အရွယ် ထီးထစ်နုနှင့် အသက် (၄၆) နှစ်အရွယ် စောစိုးဝင်းနိုင်တို့ သေဆုံးခဲ့ပြီး အသက် (၇၂) နှစ်အရွယ် ရာကျော်နော်နှင့် အသက် (၃၂) အရွယ် စောသက်နိုင်တို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အဆိုပါနေ့ရက်တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်က ပိန္နဲတောအခြေစိုက်စခန်းကို တိုက်ခိုက်ခဲ့

ခြင်း ဖြစ်သည်။ တိုက်ပွဲပြီးနောက် လက်နက်ကြီးကျည်များ ချက်ချင်းကျရောက်လာသည်။ စစ်ကောင်စီတပ်က လူနေ ကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။

ရွာသား (၂) ဦး သေဆုံးခဲ့ပြီး အခြား (၂) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ စစ်စခန်းက ပစ်ခတ်မှုကြောင့် ပိန္နဲတော ဒေသခံအချို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

နိုဝင်ဘာလ (၉) ရက်နေ့ ညနေ (၅) နာရီခန့်တွင် သထုံမြို့နယ်အခြေစိုက် အမှတ် (၉) ခြေမြန်တပ်ရင်းက လက်နက်ကြီး (၂) လုံး ပစ်ခတ်ခဲ့ရာ သုံးအိမ်စုကျေးရွာမှ အသက် (၆၀) အရွယ် ဦးဖားကလေး ထိခိုက်ဒဏ်ရာရခဲ့ သည်။ သုံးအိမ်စုကျေးရွာမှ နေအိမ် (၁) လုံးနှင့် ပိန္နဲတော ကျေးရွာ နေအိမ် (၂) လုံး စုစုပေါင်းနေအိမ် (၃) လုံး ထိခိုက် ပျက်စီးခဲ့သည်။

၂၀၂၃ စက်တင်ဘာလ (၈) ရက်နေ့တွင် ပိန္နဲတောကျေးရွာ အတွင်းသို့ လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့သဖြင့် ကလေးငယ် (၁) ဦးအပါအဝင် ဒေသခံပြည်သူ (၂) ဦး ဒဏ်ရာ ရခဲ့သည်။

နိုဝင်ဘာလ (၂၇) ရက်နေ့ ညနေ (၅) နာရီခွဲအချိန် တွင် ကော့ကရိတ်မြို့တောင်ပိုင်း အံဖလေးကျေးရွာ ရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ ၁၂၀ မမ လက်နက်ကြီး (၄) လုံး ကျရောက်ပေါက်ကွဲခဲ့သည်။ အသက် (၁၆) နှစ်အရွယ် ရှင်စန္ဒာရိယသည် ဘယ်ဘက် ခြေထောက်တွင်လည်းကောင်း၊ အသက် (၁၄) နှစ် အရွယ် ရှင်တေရိယသည် ညာဘက်ပေါင်တွင်လည်း ဒဏ်ရာရခဲ့သည်။

ကော့ကရိတ်မြို့အနီးရှိ လှိုင်းဝကျေးရွာအခြေစိုက် အမှတ် (၃၁၂) အမြောက်တပ်ရင်းက ပစ်ခတ်မှုပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း ကရင်အမျိုးသားအစည်းအရုံးမှ တာဝန်ရှိ သူများက ပြောသည်။

ထိခိုက်ဒဏ်ရာရရှိခဲ့သော အံဖလေးကျေးရွာမှ အသက် (၁၆) နှင့် (၁၄) နှစ်အရွယ် ကိုရင် (၂) ပါးကို ဆေးကုသမှု ပေးလျက်ရှိသည်။

လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် ဘုန်းတော်ကြီးကျောင်းဆောင် (၁) ခုနှင့် ရေချမ်းစင် (၁) ခု ထိခိုက် ပျက်စီးခဲ့သည်။

**တိုက်ပွဲကြောင့် ဒေသခံပြည်သူများမှာ နေအိမ်အတွင်းတွင် ပုန်းခိုနေရပြီး တိုက်ပွဲပြန်လည် မငြိမ်သက်မီ နောက်တစ်နေ့အထိ မည်သည့်နေရာသို့မျှ မသွားရဲကြ ချေ။**

## မွန်ပြည်နယ်

- IDP 28,500 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 20 ဦးခန့်
- သေဆုံးသူ 8 ဦးခန့်

## ကရင်ပြည်နယ်

## တနင်္သာရီ တိုင်းဒေသကြီး

မွန်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် မကြာခင်အချိန်ကအထိ စစ်ဘေးဒဏ်ကို အပြင်းအထန်ခံစားရခြင်း မရှိချေ။ သို့သော် ယခုလတွင်မူ မွန်ပြည်နယ်၌ စစ်ကောင်စီတပ်က နေအိမ်များကို မီးရှို့ဖျက်ဆီးလာသည့်အပြင် နေရပ်စွန့်ခွာထွက်ပြေးရသည့် လူဦးရေအရေအတွက်လည်း ပြည်နယ်တဝန်းလုံးတွင် အမြင့်ဆုံးအနေအထားသို့ ရောက်ရှိလာသည်။

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ခရွဲကျေးရွာတွင် စစ်ကောင်စီတပ်က လက်နက်ကြီးများ အဆက်မပြတ်ပစ်ခတ်နေသဖြင့် ဒေသခံပြည်သူ (၁,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရသည်။ နိုဝင်ဘာလ (၇) ရက်နေ့ ည (၁၁) နာရီခွဲအချိန်တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ပူးပေါင်းတပ်တို့က ကျိုက်ထိုမြို့နယ် သိပ်ဇရပ်မြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးကို ဒရုန်းဖြင့် တိုက်ခိုက်ခဲ့သည်။ သိမ်ဇရပ်အခြေစိုက် အမှတ် (၃၁၀) အမြောက်တပ်ရင်းက ခရွဲကျေးရွာနှင့် အနီးအနားကျေးရွာများကို လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းဖြင့် တုံ့ပြန်ခဲ့သည်။

**“ညသန်းခေါင်ကတည်းက လက်နက်ကြီးနဲ့ ရမ်းသမ်းပစ်နေတာ။ အလုံး (၅၀) လောက် ရှိမယ်။ နောက်တစ်နေ့ ညနေမှ ပစ်တာရပ်တော့တယ်။ ဘယ်သူမှ ရွာထဲမှာ မနေရဲဘူး။ တစ်ချို့က ဖုံးခိုကျင်းထဲမှာ ပုန်းနေကြတယ်။ တော်တော်များများတော့ ထွက်ပြေးနေရတာပေါ့”** ဟု ဒေသခံတစ်ဦးက ပြောသည်။

ခရွဲဒေသခံပြည်သူ (၁,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရပြီး တောတောင်ထဲတွင် ပုန်းအောင်းနေကြရသည်။

ခရွဲဒေသခံများသည် ကာလကြာရှည်စစ်ရှောင်နေရာမှ ပြီးခဲ့သည့် စက်တင်ဘာလမှသာ နေရပ်သို့ ပြန်လာနိုင်ခဲ့ခြင်း ဖြစ်သော်လည်း ယခုအခါ ထပ်မံထွက်ပြေးရပြန်သည်။ လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် ပဲခူးတိုင်း ဝေါမြို့ တနောကျွန်းကျေးရွာမှ ဒေသခံပြည်သူ (၄) ဦး သေဆုံးခဲ့ပြီး (၆) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ခရွဲကျေးရွာတွင် လူဦးရေ (၂,၀၀၀) ကျော် နေထိုင်ကြပြီး စစ်ကောင်စီက လက်နက်ကြီးဖြင့် မကြာခဏပစ်ခတ်တိုက်ခိုက်နေခြင်းကြောင့် ငွေကြေးချမ်းသာသူရွာသားများက သိမ်ဇရပ်နှင့် ကျိုက်ထိုမြို့များသို့ ပြောင်းရွှေ့သွားကြပြီဖြစ်သည်။

ခရွဲကျေးရွာသည် သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် တပ်မဟာ (၁) ထိန်းချုပ်နယ်မြေတွင် တည်ရှိသည်။

တရားဥပဒေစိုးမိုးရေး ယိုယွင်းပျက်စီးလာသည်နှင့်အမျှ လွတ်လပ်စွာပြောဆိုထုတ်ဖော်ခွင့်သည်လည်း ချိုးဖောက်ခံလာရသည်။ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ဝန်ကြီးများအိမ်ရာရှေ့တွင် ဓာတ်ပုံရိုက်ကာ လူမှုကွန်ရက်တွင်မျှဝေခဲ့သည့် အမျိုးသားတစ်ဦးကို စစ်ကောင်စီက ဖမ်းဆီးပြီး တရားစွဲဆိုခဲ့သည်။

နိုဝင်ဘာလ (၄) ရက်နေ့ မနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်မှ အမျိုးသားတစ်ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့ကြောင်း ရပ်ကွက်နေအမျိုးသားတစ်ဦးက ပြောသည်။ ငန်းတေးရပ်ကွက် တိုင်းရင်းဆေးရုံအနီးရှိ “၁၉၉၀” လက်ဖက်ရည်ဆိုင်တွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်ဟု နီးစပ်သူတစ်ဦးက ပြောသည်။

ဝန်ကြီးများအိမ်ရာကို ဓာတ်ပုံရိုက်ခဲ့ပြီး ၎င်း၏ Facebook နှင့် TikTok လူမှုကွန်ရက်တွင် ဖြန့်ဝေခဲ့သူ အသက် (၂၉) နှစ်အရွယ် ကိုကိုထွဋ်ကို ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးပြီး ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) ဖြင့် အမှုဖွင့်တရားစွဲဆိုခဲ့သည်။

"သူက (ဓာတ်ပုံကို) Facebook နဲ့ TikTok မှာ တင်လိုက်တာ။ အဲဒါကို နိုင်ငံရေးလှုံ့ဆော်တယ်ဆိုပြီး ဖမ်းလိုက်တာ" ဟု နီးစပ်သူက ပြောသည်။ မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း စစ်ကောင်စီက အကြောင်းအမျိုးမျိုးပြကာ ဖမ်းဆီးထားသူပေါင်း အနည်းဆုံးအယောက် (၈၀၀) ခန့် ရှိပြီး အများစုကို ထောင်ဒဏ်များ ချမှတ်ထားသည်။

မြေမြှုပ်မိုင်းအန္တရာယ်သည်လည်း ဒေသခံပြည်သူများအကြားတွင် အလွန်အမင်းစိုးရိမ်စရာတစ်ခု ဖြစ်နေဆဲဖြစ်သည်။ စစ်ကောင်စီက ၎င်းတို့တပ်စခန်းနှင့် စခန်းချရာနေရာများကို စွန့်ခွာပြီးနောက် မြေမြှုပ်မိုင်းများကို ထောင်ထားခဲ့သည်။ ကျေးရွာအနီးတဝိုက်ရှိ လယ်ယာမြေများ၊ စာသင်ကျောင်းများ၊ ရွာဆေးပေးခန်းများနှင့် လူစုလူဝေးလုပ်နိုင်သည့် နေရာများတွင် မြေမြှုပ်မိုင်းများ ထောင်ထားသည်။ ၂၀၂၃ ခုနှစ် ဇူလိုင်လ (၇) ရက်နေ့ နံနက် (၃) နာရီအချိန်ခန့်တွင် မွန်ပြည်နယ် သထုံမြို့နယ် အကျဉ်းဦးစီးဌာနပိုင် **"ရွှေဖြူ"** ရာဘာခြံတွင် မြေမြှုပ်မိုင်းပေါက်ကွဲခဲ့သည်။

ပေါက်ကွဲမှုကြောင့် အသက် (၅၀) အရွယ် ရာဘာခြံလုပ်သား ဦးဇော်ဝင်း ထိခိုက်ဒဏ်ရာရခဲ့သည်။ ဦးဇော်ဝင်းက ရာဘာအစေးခြစ်ရန် ဆိုင်ကယ်ဖြင့်လာရောက်စဉ် မြေမြှုပ်မိုင်းနင်းမိပြီး လက်နှင့် ခြေထောက်များတွင် ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။

"အကျဉ်းဦးစီးပိုင်ရာဘာခြံမှာ မြေမြှုပ်မိုင်းပေါက်တာ အလုပ်သမားတစ်ယောက် ထိသွားတယ်။ မိုင်းထိပြီး (၂) နာရီကြာပြီးမှ ဆေးရုံကို ပို့နိုင်တယ်။ ကံကောင်းလို့ မသေတာ" ဟု ဒေသခံတစ်ဦးက ပြောသည်။ အဆိုပါမြေမြှုပ်မိုင်းကို စစ်ကောင်စီတပ်က ထောင်ထားခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

"အကျဉ်းဦးစီးပိုင်ရာဘာခြံမှာ မြေမြှုပ်မိုင်းပေါက်တာ အလုပ်သမားတစ်ယောက် ထိသွားတယ်။ မိုင်းထိပြီး (၂) နာရီကြာပြီးမှ ဆေးရုံကို ပို့နိုင်တယ်။ ကံကောင်းလို့ မသေတာ"

## တနင်္သာရီ တိုင်းဒေသကြီး

- IDP 22,000+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 21 ဦးခန့်
- သေဆုံးသူ 7 ဦးခန့်

မြန်မာနိုင်ငံတောင်ပိုင်းရှိ ပြည်သူများမှာ အကြပ်အတည်းဒုက္ခများ တစ်ခုပြီးတစ်ခု တိုးပွားလာလျက်ရှိသည်။ ရေဖြူမြို့နယ် မောင်မယ်ရှောင် - ရေဝိုင်းလမ်းပိုင်းနှင့် ဇဟာ – ရေဝိုင်းလမ်းပိုင်းကို စစ်ကောင်စီက နိုဝင်ဘာလ (၁) ရက်နေ့တွင် ပိတ်ပင်လိုက်သည်။ ပြည်သူများအနေဖြင့် အဆိုပါလမ်းပိုင်းကို အသုံးပြုခွင့်မရှိတော့ကြောင်း စစ်ကောင်စီက ကြေညာခဲ့သဖြင့် အောက်တိုဘာလ (၃၁) ရက်နေ့မှစ၍ ထားဝယ်မြို့နယ်မြောက်ပိုင်းရှိ ပဒိုင်းချောင်း၊ ခေါင်တိုင်ပြင်၊ မြင်းမတပ်၊ ပခပ်အင်း၊ ကင်းကုန်းနှင့် ရေဝိုင်းကျေးရွာများသို့ သွားလာ၍ မရတော့ချေ။

“အဲလမ်းပိုင်းတွေကို အသုံးပြုလို့ မရတော့ဘူး။ သွားချင်ရင် တစ်ခြားလမ်းကသွားတဲ့” ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ဒေသခံပြည်သူများအနေဖြင့် အစားအသောက်နှင့် ဆေးဝါးများ သယ်ဆောင်ရာတွင် အခက်အခဲများစွာဖြစ်နေသည်။ ဆန်ကြမ်းတစ်အိတ်လျှင် ကျပ်တစ်သိန်းကျော်ဈေးပေါက်နေချိန်တွင် လမ်းပိတ်ဆို့မှုကြောင့် ဆန်ဈေးနှုန်းထပ်မံမြင့်တက်လာမည်ကို ဒေသခံများက စိတ်ပူနေကြသည်။ ၂၀၂၃ အောက်တိုဘာလအတွင်းဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် ထားဝယ်အရှေ့မြောက်ဘက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများမှာ အိုးအိမ်စွန့်ခွာထွက်ပြေးနေရပြီး နေအိမ်များလည်း မီးရှို့ဖျက်ဆီးခံနေရသည်။

ယခင်လက ကောက်ခံရရှိခဲ့သောအချက်အလက်များအရ ပြည်သူပိုင်ပစ္စည်းများဖျက်ဆီးခံရသည့်ဖြစ်စဉ်အရေအတွက်သည် ဆက်လက်မြင့်မားနေသည်။ အောက်တိုဘာလတွင် တနင်္သာရီဒေသ၌ နေအိမ်အလုံး (၄၀) ကျော် မီးရှို့ဖျက်ဆီးခံခဲ့ရပြီး (၅) လတာကာလအတွင်း အမြင့်ဆုံးအရေအတွက် ဖြစ်သည်။

ရေဖြူမြို့နယ်မှ နေအိမ် (၃၆) လုံး၊ လောင်းလုံးမြို့နယ်မှ နေအိမ် (၁) လုံး၊ သရက်ချောင်းမြို့နယ်မှ နေအိမ် (၉) လုံးနှင့် ပုလောမြို့နယ်မှ နေအိမ် (၅) လုံး စုစုပေါင်း နေအိမ် (၅၁) လုံး မီးရှို့ဖျက်ဆီးခံခဲ့ရသည်။

နေအိမ်မီးရှို့ခံခဲ့ရသည့်ကျေးရွာများမှာ ရေဖြူမြို့နယ်မှ ပုဂေါ်ဇွန်း၊ ရလိုင်၊ မူးဒူး၊ ပရဒပ်နှင့် လဲရှောင်ကျေးရွာများ၊ လောင်းလုံးမြို့နယ်မှ အင်းနီတွင်းကျေးရွာ၊ သရက်ချောင်းမြို့နယ်မှ ဝဲရစ်၊ သိမ်ကုန်းနှင့် ကျောက်ခမောက်ကျေးရွာများနှင့် ပုလောမြို့နယ်မှ ကြယ်ကျေးရွာတို့ ဖြစ်သည်။

"အိမ်ကို ဆုံးရှုံးလိုက်ရလို့ ဒီနေ့အထိ ဝမ်းနည်းနေရတုန်းပဲ။ အခုတော့ ထွက်ပြေးနေရတာပေါ့" ဟု ရေဖြူမြို့နယ်မှ နေအိမ်မီးရှို့ဖျက်ဆီးခံရသူ အမျိုးသမီးတစ်ဦးက ပြောသည်။

အထက်ပါအဖြစ်အပျက်များအပြင် ထားဝယ်၊ လောင်းလုံး၊ သရက်ချောင်းနှင့် ရေဖြူမြို့နယ်များတွင် ကုန်တင်ကားများပါ မီးရှို့ဖျက်ဆီးခံရသည်။ ရာချီသော နေအိမ်များ မီးရှို့ဖျက်ဆီးခံရသည်။ ဆိုင်ကယ်များ၊ ကွန်ပျူတာများ၊ ရွှေငွေများ၊ ဖုန်းစသည့် အဖိုးတန်ပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများ ခိုးယူလုယက်ခြင်းခံရသည်။

စစ်ကောင်စီက နေအိမ်များကို မီးရှို့ဖျက်ဆီးသည့်အပြင် ပုလောမြို့နယ် ဇရပ်ဆိပ်ကျေးရွာမှ လူနာတင်ယာဉ် (၂) စီးကိုလည်း မီးရှို့ခဲ့သည်။ စစ်ကောင်စီတပ်က လက်နက်ကြီးများကို ရမ်းသမ်းပစ်ခတ်နေသဖြင့် လောင်းလုံးမြို့နယ် မင်းရပ်ကျေးရွာရှိ လူနေအိမ်များနှင့် ဘာသာရေးအဆောက်အဦးများ ထိခိုက်ပျက်စီးခဲ့သည်။ တော်လှန်ရေးအင်အားစုများကလည်း ကျွန်းစုမြို့နယ်မှ ပျူစောထီးအဖွဲ့ဝင်များပိုင်ဆိုင်သည့် နှစ်ထပ်အိမ် (၁) လုံး၊ ကား (၁) စီးနှင့် ဆိုင်ကယ် (၁) စီးတို့ကို မီးရှို့ခဲ့သည်။

အထက်ပါကိန်းဂဏန်းများသည် "လက်လှမ်းမီသလောက်" ကောက်ခံရရှိထားသည့်သတင်းအချက်အလက်များ ဖြစ်ပြီး ပကတိမြေပြင်တွင် အဆိုပါကိန်းဂဏန်းများထက်ပို၍ ပျက်စီးဆုံးရှုံးမှုကြီးမားနိုင်သည်။ တနင်္သာရီဒေသတွင် ပြီးခဲ့သည့် စက်တင်ဘာလ၌ နေအိမ် (၄၂) လုံးကိုလည်းကောင်း၊ ဩဂုတ်လ၌ နေအိမ် (၁၈) လုံးကိုလည်းကောင်း စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီးခဲ့သည်။

၂၀၂၃ နိုဝင်ဘာလ (၈) ရက်နေ့တွင် အင်အား (၅၀) ပါ စစ်ကြောင်းတစ်ခုက သဘော့ဆိပ်ကျေးရွာကို ကျောက်ဆင်ရွာတောလမ်းမှတဆင့် ဝင်ရောက်လာပြီး ရွာသား (၂) ဦးကို ဖမ်းဆီးခဲ့သည်။ ၎င်းတို့သည် ပြင်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် တပ်စွဲနေပြီး နိုဝင်ဘာလ (၉) ရက်နေ့ မနက်တွင် လက်နက်ကြီးများ ပစ်ခတ်ကာ ကရင်ကြီးကျေးရွာသို့ ရောက်ရှိလာခဲ့ကြသည်။

"ရွာထဲကို စစ်သားတွေ ဝင်လာတော့ သူတို့နဲ့အတူ လူတစ်ယောက်ကို ဖမ်းလာတယ်။ PDF တွေနဲ့လည်း (၁) နာရီလောက် တိုက်ပွဲဖြစ်သေးတယ်။ တိုက်ပွဲလည်းပြီးရော အိမ်တွေကို မီးရှို့တော့တာပဲ။ အိမ်ဘယ်နှဆောင် မီးလောင်သွားတယ်ဆိုတာတော့ မသိဘူး" ဟု စစ်ဘေးရှောင်နေသူ ကရင်ကြီးကျေးရွာမှဒေသခံတစ်ဦးက ပြောသည်။

နှစ်ဖက်တိုက်ပွဲအတွင်း စစ်ကောင်စီတပ်က ရွာသားတစ်ဦးကို ပစ်သတ်ခဲ့သည်ဟု ဒေသခံများက ပြောသော်လည်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက သီးခြားအတည်ပြုနိုင်ခြင်း မရှိချေ။ စစ်ကောင်စီတပ်က ကရင်ကြီးကျေးရွာတွင် တပ်စွဲပြီးနောက် နိုဝင်ဘာလ (၁၀) ရက်နေ့ မနက်ပိုင်းတွင် ကမ်းပနီရွာသို့ ဆက်လက်ထွက်ခွာသွားသည်။ ဒေသခံပြည်သူများမှာ ထပ်မံ၍ထွက်ပြေးတိမ်းရှောင်ရပြန်သည်။

"ကရင်ကြီးကျေးရွာမှာ ရွာသားတစ်ယောက်ကို ဖမ်းသွားတယ်။ ကမ်းပနီရွာမှာ နောက်တစ်ယောက် ထပ်ဖမ်းပြီးတော့ သူတို့သွားချင်တဲ့အိမ်တွေကို လိုက်ပြခိုင်းတယ်။ အိမ်ဘယ်နှဆောင် မီးလောင်သွားလဲတော့ မသိဘူး။ ဖမ်းသွားတဲ့နှစ်ယောက်လည်း ပြန်လွတ်မလာသေးဘူး" ဟု ကမ်းပနီရွာသားတစ်ဦးက ပြောသည်။

နိုဝင်ဘာလ (၁၂) ရက်နေ့တွင် အဆိုပါစစ်ကြောင်းသည် ကမ်းပနီကျေးရွာမှ ပည်စ်ကျေးရွာသို့ ဆက်လက်ချီတက်သွားပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးပြန်သည်။

"စစ်ကြောင်းမှာ အင်အား (၄၀) ကျော် ပါတယ်။ အဝေးကနေကြည့်တော့ အိမ် (၄) လုံး မီးလောင်သွားတယ် ထင်တယ်။ ရွာမှာတော့ သက်ကြီးရွယ်အိုတွေနဲ့ ကလေးတွေပဲ ကျန်တော့တယ်။ သူတို့အတွက်လည်း စိုးရိမ်နေရတယ်" ဟု စစ်ဘေးရှောင်နေရသူ ပြည်သူတစ်ဦးက ပြောသည်။

နိုဝင်ဘာလ (၈) ရက်နေ့မှစ၍ သဘော့ဆိပ်၊ ပြင်ကြီး၊ ကရင်ကြီးနှင့် ကမ်းပနီကျေးရွာများတွင် စစ်ကောင်စီတပ်က စစ်ကြောင်းထိုးနေပြီး နေအိမ်များကို မီးရှို့ကာ ရွာသားများကို ဖမ်းဆီးနေသည်။ လက်ရှိအချိန်တွင် စစ်ဘေးရှောင်ပြည်သူများအတွက် အစားအစာနှင့် ခိုလှုံစရာ အခက်အခဲဖြစ်နေကြောင်း စစ်ဘေးရှောင်ပြည်သူများကို ကူညီပေးနေသူများက ပြောသည်။

နိုဝင်ဘာလ (၁၂) ရက်နေ့တွင် ပည်စ်ကျေးရွာ ကမ်းခြေဘက်သို့ ဆက်လက်စစ်ကြောင်းထိုးလာပြီး နေအိမ်များကို မီးရှို့ပြန်သည်။ နိုဝင်ဘာလ (၁၃) ရက်နေ့တွင်လည်း ပည်စ်ကျေးရွာအတွင်းသို့ ဝင်ရောက်လာပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ရာ စုစုပေါင်း နေအိမ်အနည်းဆုံး (၇) လုံးခန့် မီးလောင်ပျက်စီးခဲ့သည်။

"စစ်တပ်ဝင်လာရင် ရွာသားတွေအားလုံး ထွက်ပြေးရတာပဲ။ အိမ်မီးလောင်နေရင်လည်း အဝေးကနေပဲ ကြည့်နေရတယ်။ မီးခိုးထွက်လာတာကိုကြည့်ပြီး ဘယ်အိမ်တော့မီးလောင်နေတယ်ပဲ ခန့်မှန်းနေရတယ်" ဟု ထွက်ပြေးနေရသူ ဒေသခံတစ်ဦးက ပြောသည်။ နိုဝင်ဘာလ (၁၄) ရက်နေ့တွင် စစ်ကောင်စီတပ်က ပည်စ်ကျေးရွာမှ ထွက်ခွာပြီး လောင်းလုံးမြို့ဘက်သို့ ချီတက်သွားကြသည်။ အဆိုပါစစ်ကြောင်းကို လောင်းလုံးမြို့မှ အင်အား (၃၀) ခန့်က လုံခြုံရေးရယူပေးခဲ့သည်။

ယခုနှစ် မတ်လတွင် လောင်းလုံးမြို့နယ်မှ ကရင်ကြီး၊ ကမ်းပနီနှင့် ပည်စ်ကျေးရွာများမှ နေအိမ် (၁၀) လုံးကျော်ကို စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီးခဲ့သည်။ ၎င်းမတ်လတွင်ပင် ညောပြင်၊ အောက်ကျောက်ဝပ်နှင့် သပြေရှောင်ကျေးရွာများမှ နေအိမ်အနည်းဆုံးအလုံး (၁၇၀) ကို စစ်ကောင်စီတပ်က မီးရှို့ဖျက်ဆီးခဲ့သည်။

နိုဝင်ဘာလ (၁၈) ရက်နေ့ ညနေ (၃) နာရီတွင် ရေဖြူမြို့နယ် မူးဒူးကျေးရွာမှ ထားဝယ် အထူးစီးပွားရေးဇုန်သို့ ရောက်ရှိလာသည့် စစ်ကောင်စီစစ်ကြောင်းကို တော်လှန်ရေး အင်အားစုများက ခြုံခိုတိုက်ခိုက်ခဲ့ကြောင်း ဒေသခံများက ပြောသည်။

နောက်တစ်နေ့တွင် စစ်ကောင်စီတပ်က ပြန်လည်ဆုတ်ခွာသွားပြီး မူးဒူးကျေးရွာရှိ စာသင်ကျောင်းတွင် တပ်စွဲပြီး ဒေသခံပြည်သူအယောက် (၂၀) ခန့်ကို ဖမ်းဆီးကာ နေအိမ် အချို့ကို မီးရှို့ဖျက်ဆီးခဲ့သည်။ ဖမ်းဆီးထားသူများကို ညနေပိုင်းတွင် ပြန်လွှတ်ပေးခဲ့ ကြောင်း ဒေသခံများက ပြောသည်။

"အဲနေ့မှာ မနက် (၉) နာရီကတည်းက အိမ်တွေကို မီးရှို့နေတာ။ နေဝင်တဲ့အချိန်အထိ မီးခိုးတွေထွက်နေတုန်းပဲ" ဟု ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

မီးလောင်ကျွမ်းမှု များပြားနေခြင်းကြောင့် နေအိမ်အမြောက်အမြား မီးလောင်ပျက်စီး သွားသည်ဟု အနီးအနားကျေးရွာမှ ဒေသခံများက ခန့်မှန်းကြသည်။ မီးလောင်ပျက်စီး သွားသည့် နေအိမ်အရေအတွက်အတိအကျကိုမူ မသိရှိရချေ။ ပြီးခဲ့သည့်လတွင် နေအိမ် များကို မီးရှို့ပြီးနောက် စစ်ကောင်စီတပ်သားများက "နောက်တစ်ခါဆိုရင် တစ်ရွာလုံး ကို ပြာကျသွားအောင် မီးရှို့ပစ်မယ်" ဟု အိမ်နံရံများတွင် ခြိမ်းခြောက်စာများ ရေးသား ခဲ့သည်။

စစ်ကောင်စီတပ်သားများ ဝင်ရောက်လာခြင်းကြောင့် ထောင်နှင့်ချီသော မူးဒူးဒေသခံ များသည် နေရပ်စွန့်ခွာ ထွက်ပြေးကြရသည်။

အောက်တိုဘာလ (၂၀) ရက်နေ့တွင်လည်း မူးဒူးကျေးရွာမှ နေအိမ် (၁၉) လုံး မီးရှို့ခံခဲ့ရ သည်။ ၂၀၁၄ သန်းခေါင်စာရင်းအရ မူးဒူးကျေးရွာတွင် အိမ်ထောင်စု (၅၀၀) နီးပါး နေထိုင် ကြသော်လည်း ယခုတွင်မူ စစ်ကြောင်းများ ဝင်ရောက်လာခြင်းကြောင့် အများစုမှာ ထွက်ပြေးတိမ်းရှောင်နေရသည်။

# အဓိက တွေ့ရှိချက်များ

၁. ငွေကြေးဖောင်းပွလာမှုက ပြည်သူလူထုကို အကြီးအကျယ်ထိခိုက်စေပြီး ၎င်းတို့သည် အခြေခံ စားသောက်ကုန်များကိုပင် ဝယ်ယူရန် ခက်ခဲလာသည်။

၂. မွန်ပြည်နယ်တစ်ဝန်းလုံးတွင် သက်ငယ်လိင်ပိုင်းအကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး အာဏာပိုင်များက အရေးယူဆောင်ရွက်မှုမရှိကြောင်း မွန်အမျိုးသမီးအဖွဲ့များက သတိပေး ထုတ်ပြန်ထားသည်။

၃. လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပေါ်နေပြီး နယ်မြေမ တည်ငြိမ်မှုနှင့် စစ်ရေးတင်းမာနေမှုတို့က ပြည်သူများကို အိုးအိမ်စွန့်ခွာရန် ဖိအားပေးနေသည်။

၄. ရဲတပ်ဖွဲ့ဝင်များနှင့် စစ်တပ်လက်ကိုင်တုတ် ပြည်သူ့စစ်အဖွဲ့ဝင်များက တစ်အိမ်တက်တစ်အိမ် ဆင်း စစ်ဆေးနေပြီး ၎င်းတို့အလိုရှိသည့်သူများကို ဖမ်းဆီးနေသည်။

၅. အရေးပါသည့်လမ်းမတစ်လျှောက်တွင် တပ်စွဲထားသည့် စစ်ကောင်စီ၏ဂိတ်စခန်းများက ခရီးသွားပြည်သူများ၏ မော်တော်ဆိုင်ကယ်များ၊ လက်ကိုင်ဖုန်းများနှင့် ငွေကြေးဥစ္စာများကို သိမ်းယူနေသည်။ ကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်ရရှိရန် ပြည်သူများက လာဘ်ငွေများ ပေး နေရသည်။ သို့သော် ပြည်သူအများစုမှာ လာဘ်ငွေပေးရန် မတတ်နိုင်ကြချေ။

၆. ညှဉ်းပန်းနှိပ်စက်ခြင်းသည် အချက်အလက်ကောက်ခံစုဆောင်းသည့်ဒေသများနှင့် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပြီး သတင်းအချက်အလက်ရယူရန် စစ်ကောင်စီ က ကျင့်သုံးနေသည့် ရက်စက်ကြမ်းကြုတ်သည့်နည်းလမ်းဖြစ်သည်။

၇. မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့်အခြေအနေများ သိသိသာသာပြောင်းလဲသွားရန် ကုလသမဂ္ဂနှင့် အာဆီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းများက လုံလောက်စွာ ဖိအားမပေးနိုင်ကြချေ။ နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာ့အရေးကို အထူး အာရုံစိုက်ပြီး စစ်ကောင်စီကို တာဝန်ခံမှုရှိလာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

၈. ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို တပ်မတော်အမည်ခံ စစ်တပ်က ဆက်လက်ရရှိနေပြီး အဆိုပါ အခြေအနေကပင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ရန် စစ်တပ် ကို အားပေးနေသည်။

၉. စစ်တပ်၏ပစ်မှတ်ထားတိုက်ခိုက်မှုတွင် ကလေးသူငယ်များလည်း ပါဝင်နေပြီး ကလေးသူငယ် များမှာ အစားအစာ၊ ပညာရေး၊ ဆေးကုသခွင့်နှင့် လုံခြုံစွာအသက်ရှင်နေထိုင်ခွင့်စသည့် အခြေခံ အခွင့်အရေးများကို ဆုံးရှုံးနေသည်။

၁၀. မတရားဖမ်းဆီးခြင်းနှင့် တရားဥပဒေနှင့်မကိုက်ညီသော ထိန်းသိမ်းချုပ်နှောင်မှုများကို စစ်တပ် ကဆက်လက်လုပ်ဆောင်နေသည်။ ရှာဖွေခွင့်ဝရမ်း မပါရှိဘဲ ဝင်ရောက်စီးနင်းရှာဖွေခြင်းနှင့် လူ နေကျေးရွာနှင့် ရပ်ကွက်များအတွင်းသို့ လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ် ခြင်းများကို ပြုလုပ်နေသည်။

# တိုက်တွန်းတောင်းဆိုချက်များ

**မွန်ပြည်နယ် လူ့အခွင့်အရေး ဖောင်ဒေးရှင်းက အောက်ပါတို့ကို ချက်ချင်း တောင်းဆိုလိုက်သည်။**

၁. မြန်မာနိုင်ငံတွင် ပကတိမြေပြင်၌ဖြစ်ပွားနေသည့် အဖြစ်အပျက်ကိစ္စရပ်များကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီက အပြည်ပြည်ဆိုင်ရာဇရာဝတ်မှုခုံရုံးသို့ လွှဲပြောင်းပေးရမည်။

၂. ကမ္ဘာ့ခေါင်းဆောင်များ၏ တိကျခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုဖြင့် အကြမ်းဖက်လူသတ် စစ်ကောင်စီ၏လက်ထဲသို့ လက်နက်များ စီးဝင်ရောက်ရှိခြင်းမရှိစေရန် လက်နက်ရောင်းဝယ်မှု တားမြစ်ချက်ကို ချက်ချင်းအတည်ပြုထောက်ခံရမည်။

၃. လေယာဉ်ဆီတင်သွင်းမှုကို တားမြစ်ခြင်းဖြင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည် သူများ၏ အသက်အိုးအိမ်များ ကြီးကြီးမားမားဆုံးရှုံးနေမှုကို ရပ်တန့်စေရမည်။

၄. စစ်ကောင်စီ၏ အရာရှိများနှင့် ၎င်းတို့၏မိသားစုဝင်များကို ပစ်မှတ်ထားပိတ်ဆို့ပြီး ပြည်ပနိုင်ငံများ တွင် အကျင့်ပျက်ခြစားသည့်စီးပွားရေးလုပ်ငန်းများ မလုပ်ကိုင်နိုင်စေရန် ၎င်းတို့၏ငွေကြေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများကို ထိန်းချုပ်ရမည်။

၅. ထိခိုက်လွယ်သည့် အရပ်သားပြည်သူများကို အကာအကွယ်ပေးသည့်လုပ်ငန်းစဉ်ကို ပိုမို အားကောင်းလာစေရန်လည်းကောင်း၊ (လိုအပ်ပါ) လုပ်ငန်းစဉ်အသစ်ပြန်လည်ချမှတ်ရန် လည်းကောင်း လုပ်ဆောင်ရမည်။ ထိုမှတဆင့် နစ်နာသူပြည်သူများက တရားမျှတမှုနှင့် တာဝန်ယူ တာဝန်ခံမှုများကို ပြန်လည်ရရှိနိုင်ရမည်။

၆. မြေပြင်လိုအပ်ချက်များကို ကူညီထောက်ပံ့နေသည့် အဖွဲ့အစည်းများထံသို့ ဘဏ္ဍာရေးထောက်ပံ့ မှုများကို ဆက်လက်ထောက်ပံ့ရန်နှင့် ပုံစံအသစ်ဖြင့် ထောက်ပံ့ရန် လုပ်ဆောင်ရမည်။ နယ်စပ် ဖြတ်ကျော်အကူအညီများကိုလည်း ဆက်လက်ပေးအပ်ထားရမည်ဖြစ်ပြီး လူသားချင်းစာနာ ထောက်ထားမှုအကူအညီများအားလုံးသည် ဒေသတွင်းအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိရမည်ဖြစ်သည်။

၇. နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအနေဖြင့် လုပ်ငန်းများအားလုံးကို ချက်ချင်းရပ်တန့်ရမည်ဖြစ် ပြီး လေယာဉ်ကွင်း၊ သဘော်ာဆိပ်ကမ်းနှင့် ဘိလပ်မြေလုပ်ငန်းအပါအဝင် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများ ကို ချွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းသွားရမည် ဖြစ်သည်။

၈. ညှဉ်းပန်းနှိပ်စက်မှုများကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး ညှဉ်းပန်းနှိပ်စက်ခံရပြီး မတရားသေဆုံး ခဲ့ရသူ အပြစ်မဲ့ပြည်သူများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည် ဖြစ်သည်။ ၎င်းပြင် ခန္ဓာကိုယ် ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ အတိဒုက္ခများကို ထိခိုက်ခံစားခဲ့ရသူများ၊ နာတာရှည်ထိခိုက်ဒဏ်ရာရရှိ ခဲ့သူများအတွက်လည်း စုံစမ်းစစ်ဆေးမှုကို စတင်လုပ်ဆောင်ရမည် ဖြစ်သည်။

# လစဉ်ခြုံငုံသုံးသပ်ချက်

**Monthly Overview**

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

နိုဝင်ဘာလ ၂၀၂၃

HURFOM